# ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု

## ကယားပြည်နယ်၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုအကျဉ်းချုပ်


Empowered lives.
Resilient nations.

## နောက်ခံအကြောင်းအရာ

ဒေသန္တရအုပ်ချုပ်ရေး လုပ်ငန်းစဉ်လေ့လာမှုကို ကယားပြည်နယ်တွင် ၂၀၁၄ ခုနှစ်၌ ပြုလုပ်ခဲ့သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သည့် ဒေသန္တရအုပ်ချုပ်ရေးလေ့လာမှု၏ အစိတ်အပိုင်းအဖြစ် ဤလေ့လာသုံးသပ်မှုကို UNDP က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ပြည်ထဲရေးဝန်ကြီးဌာန) နှင့် အတူတကွ ဆောင်ရွက်ခဲ့သည်။ နည်းစနစ်သုံးသပ်မှုအတွက် "Fast Fact:၊ မြန်မာနိုင်ငံဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု" တွင်ကြည့်ပါ။

ကယားပြည်နယ်လေ့လာမှုသည် လွိုင်ကော်၊ ဖရူဆိုနှင့် မယ်စဲ့ မြို့နယ်များရှိ ပြည်သူများ၊ ဝန်ဆောင်မှုပေးသူများ၊ ကော်မတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကို ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးခြင်းတို့နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများကို လွှမ်းခြုံမိပါသည်။

ပြည်သူ ၃၀၀၊ ဝန်ဆောင်မှုပေးသူနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ၁၀၀ ခန့်တို့ကဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲမှုနှင့် ပြည်သူအများပါဝင်မှု အခြေခံဝန်ဆောင်မှုများ (အထူးသဖြင့် မူလတန်းပညာရေး၊အခြေခံကျန်းမာရေးဆောင်ရွက်မှုနှင့်သောက်သုံးရေ) ရရှိမှုနှင့် သတင်းအချက်အလက်ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့် ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် အမြင်များကို မျှဝေပေးခဲ့ကြသည်။ ဤတင်ပြချက်စာစောင်တွင် အဓိကရှာဖွေတွေ့ရှိချက်များနှင့် ကယားပြည်နယ်အတွင်းရှိ ပါဝင်ဆောင်ရွက်သူများက အကြံပြုထားသော ဆောင်ရွက်ရန်လုပ်ငန်းများ၏ကနဦးစတင်ဆောင်ရွက်နိုင်ခြေရှိသည်များကိုပါ တင်ပြထားပါသည်။




ရင်းမြစ်။ MIMU

## သမိုင်းနောက်ခံနှင့် လူမှုစီးပွားရေးဆိုင်ရာ အကြောင်းအရာများ

ကယားပြည်နယ်၏ ထူးခြားသောသမိုင်းကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ပြည်ထောင်စု မြန်မာနိုင်ငံတွင် (၁) မြန်မာနိုင်ငံဘုရင်ခံမှတစ်ဆင့် ဗြိတိန်အစိုးရက အုပ်ချုပ်သော နယ်မြေအားလုံးနှင့် (၂) ကရင်နီပြည်နယ်များ အပါအဝင် မြန်မာတစ်နိုင်ငံလုံးပါဝင်သည်" ဟူ၍ သာဓကပြထားသည်။ ကယားပြည်နယ်သည် မငြိမ်သက်မှုများရှည်ကြာစွာ တည်ရှိခဲ့သော်လည်း ၂၀၁၂ ခုနှစ်၊ မတ်လတွင် အစိုးရက ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ စတင်ပြုလုပ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်သည် NGOs၊ INGOs၊ အလှူရှင်များနှင့် စီးပွားရေးလုပ်ငန်းအကျိုးစီးပွားများကို ကယားပြည်နယ်သို့ လမ်းပွင့်သွားစေခဲ့သည်။

| ခရိုင်များ | မြို့နယ် | လူဦးရေ | ကျေးရွာအုပ်စု/ ရပ်ကွက်များ | မြေအကျယ် အဝန်း | လူဦးရေ သိပ်သည်းမှု |
|---|---|---|---|---|---|
| ၂-ခု | ၇-ခု | ၂၈၆,၇၃၈ | ၁၀၆-ခု ကျေးရွာအုပ်စု/ ရပ်ကွက်များ | ၁၁၆၇၈ စတုရန်း ကီလိုမီတာ | ၂၄.၅ ဦး/ ကီလိုမီတာ |





ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ပြည်နယ်များနှင့်တိုင်းဒေသကြီးများတွင် ပထဝီဝင်အနေအထားရော လူဦးရေအရပါ အသေးငယ်ဆုံးပြည်နယ်ဖြစ်သည်။ ယင်း၏ တောင်တန်းထူထပ်သော မြေမျက်နှာသွင်ပြင်နှင့် လွှိုင်ကော်ဝန်းကျင် ဝေးလံသောကျေးရွာများအကြား လူဦးရေသိပ်သည်းမှုကွာခြားခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဖြန့်ဖြူးရေးနှင့် အခြေခံလူမှုရေးဝန်ဆောင်မှုရရှိရေးတို့ နှစ်ရပ်စလုံးတွင် အလွန်ခြားနားမှုရှိသည်။ မြေနိမ့်ဒေသနှင့် ကုန်းမြေဒေသ (ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း) နှစ်ရပ်စလုံးတွင် သီးနှံစိုက်ပျိုးရေးသည် အရေးကြီးသောလုပ်ငန်း ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင် သတ္တုတူးဖော်ရေးနှင့်သစ်ထုတ်လုပ်ရေးတို့သည်လည်း အရေးပါသည်။

ကူညီထောက်ပံ့သောအဖွဲ့အစည်းများ။

## ရပ်ရွာအဆင့်တွင်တွေ့ရှိရသော တိုးတက်မှုများ

ပြည်သူများရှုမြင်သည့် ကယားပြည်နယ်အစိုးရက ဆောင်ရွက်ပေးသော အရေးကြီးဆုံးတိုးတက်မှုများမှာ လမ်းများနှင့် ပညာရေးတို့ဖြစ်သည်။








ခြုံ၍ကြည့်လျှင် ပြည်သူအများစုက ရှုမြင်သည့် တိုးတက်မှုများမှာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ပင်ဖြစ်သည်။

ကယားပြည်နယ်ရှိပြည်သူအနည်းငယ်ကသာ သောက်သုံးရေဖြန့်ဖြူးမှုနှင့် ပတ်သက်သော တိုးတက်မှုများကိုသိရှိကြပြီး ၎င်းတို့၏ ကျေးရွာ/ရပ်ကွက်တွင် အရေးကြီးဆုံးသောပြဿနာကို မေးမြန်းသောအခါ သန့်ရှင်းသောသောက်သုံးရေရရှိရေးကိုသာ အများဆုံးဖော်ပြကြသည်။ (၃၇%)

# ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

## ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရံပုံငွေ(PRF)၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ(CDF ) နှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများအတွက် ဆွေးနွေးမှုလုပ်ငန်းစဉ်




ကယားပြည်နယ်ရှိ ဖွံ့ဖြိုးရေး ရန်ပုံငွေများအတွက် စီမံချက်များရွေးချယ်မှုတွင် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူ ပြုကော်မတီဝင်များ (TDSC) နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ (VTAs) က တက်ကြွစွာပါဝင် ဆောင်ရွက်ကြသည်။ လွိုင်ကော်နှင့် ဖရူဆိုတို့တွင် TDSC သည် အမျိုးမျိုးသော ဆပ်ကော်မတီ ၂-၃ ခုကို ယင်းတို့ကိုယ် တိုင်ခွဲခြားထားသည်။ အဆိုပါ ဆပ်ကော်မတီများသည် အဆိုပြုစီမံချက်နယ်မြေများကို စစ်ဆေးရန်နှင့် အဆိုပြုချက်များကို ဆွေးနွေးအကဲဖြတ်ရန်ရွေးချယ်သော ကျေးရွာအုပ်စုများသို့ သွားရောက်ကြသည်။

လွိုင်ကော်တွင် မြို့နယ်သည် ဆင်းရဲမှု လျှော့ချရေး ရန်ပုံငွေကို စီမံခန့်ခွဲရန် "မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းလည်ပတ်မှု ကော်မတီ" ဟုခေါ်သော အထူးကော်မတီကိုဖွဲ့ စည်းထားသည်။

ကယားပြည်နယ်ရှိ မြို့နယ်အားလုံးတွင် ပြည်သူ့လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကို စီမံခန့်ခွဲရန် မြို့နယ်ဖွံ့ဖြိုးရေး အကောင်အထည်ဖော်ရေးကော်မတီများ (TDICs) ကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ဤကော်မတီတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရဝန်ထမ်း ၄ ဦးတို့ ပါဝင်သည်။ ပြည်နယ်အစိုးရသို့ တင်သွင်းသော အဆိုပြုစီမံချက်များတွင် စီမံချက်နယ်မြေဓာတ်ပုံများနှင့်လွှတ်တော်ကိုယ်စားလှယ်များ၏ ရေးသားထောက်ခံချက်များပါဝင်သည်။



## မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ

ကယားပြည်နယ်ရှိ နမူနာသုံးမြို့နယ်သည် ဆင်းရဲမှု လျှော့ချရေးရန်ပုံငွေ (PRF) နှင့် တစ်ဦးချင်းစီအတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာရန်ပုံငွေ (CDF) (အားလုံးသောပြည်နယ်များနှင့် တိုင်းဒေသကြီးများ အတွက် တစ်ဦးချင်းစီ အတွက် ပျမ်းမျှ USD ၁.၆ ဖြစ်ပြီး ကယားပြည်နယ်မှာမူ USD ၅.၅) တို့၏ ပျမ်းမျှ ပမာဏထက် ၃.၅ ဆ ပိုမိုရရှိခဲ့သည်။

### စုစုပေါင်းရန်ပုံငွေခွင့်ပြုချက်


- ပြည်သူ့လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ USD ၂၇၃,၀၀၀ (လွိုင်ကော်၊ ဖရူဆို၊ မယ်စဲ့)
- ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ USD ၇၄၄,၀၀၀ (လွိုင်ကော်၊ ဖရူဆို၊ မယ်စဲ့)
- နယ်စပ်ဒေသရေးရာ USD ၂,၈၀၀,၀၀၀ (လွိုင်ကော်၊ ဖရူဆို၊ မယ်စဲ့)
- ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ USD ၆,၀၀၀ (ဖရူဆို တစ်မြို့နယ်တည်းသာ)

TDSC နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ (TMAC) အပါအဝင် မြို့နယ်ကော်မတီများ၏ စွမ်းရည်နှင့် ကိုယ်စားပြုမှုတို့တွင် အခက်အခဲများရှိသည်။ ကဏ္ဍများအပေါ် နားလည်သဘောပေါက်မှု နည်းပါးပြီး အဖွဲ့ဝင်များမှာ အမျိုးသားများနှင့် စီးပွားရေးကဏ္ဍတို့မှသာ လွှမ်းမိုးလျက်ရှိသည်။

ပြည်သူများအကြားတွင် ၃% ခန့်ကသာ မြို့နယ်ကော်မတီများရှိကြောင်း သိရှိကြသည်။

# အခြေခံဝန်ဆောင်မှုပေးခြင်း


ရပ်ရွာအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများကို
အားရကျေနပ်သော ပြည်သူလူထု၏ ရာခိုင်နှုန်း







ပြည်သူများ၏ ၆၂% က ဆေးဝါးအများစုကို (ဆိုလိုသည်မှာ မဖြစ်မနေသုံးစွဲရမည့် ဆေးဝါးများရှိပါက)အခမဲ့ဖြန့်ဖြူးသင့်ပေသည်။ပြည်သူ့ကျန်းမာရေးဌာနတွင်ဆေး ဖိုးဝါးခပေးကြရသည်ဟု ပြောကြားကြသည်။ ဆေးဝါးအတွက် အခကြေးငွေပေးရ သည်ဟုပြောကြားသူများ၏၇၃%ကဆေးဖိုးအဘယ်ကြောင့်ပေးရသည်ဟူသော ရှင်းလင်းချက်ကို ဆေးဝန်ထမ်းများထံမှ မည်သည့်အခါတွင်မျှ ကြားသိခြင်းမရှိရ ဟု ပြောကြားကြသည်။

ရပ်ရွာအတွင်း ပညာရေးလုပ်ငန်းများကို အားရကျေနပ်သော
ပြည်သူလူထု၏ ရာခိုင်နှုန်း






မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများသည် ၎င်းတို့၏ ကွင်းဆင်း ကြီးကြပ်ရေး လုပ်ငန်းတာဝန်များအတွက် မည်သည့်ခရီးစရိတ်မျှ သတ်မှတ်ခံစားရခြင်းမရှိပါ။



ပညာရေးလုပ်ငန်းများတွင် ပြုစုဆက်ဆံမှုအရည်အသွေးကို အသင့် အတင့် မြင့်မားစွာသိရှိကြသည်။ ၎င်းတို့၏ ကလေးငယ်များသည် ကျောင်းတွင် အခြားကလေးများကဲ့သို့ပင် တန်းတူပြုစု ဆက်ဆံခံ ကြရသည်ဟု ပြည်သူ ၉၇% က ယူဆပြီး ၇၃% က မိန်းကလေး ငယ်များ၏ သီးခြားလိုအပ်ချက်များကို အလေးပေးရန်လိုအပ် သည်ဟု ယူဆကြသည်။



မြို့နယ်ပညာရေးမှူးသည် မြို့နယ်အတွင်းတွင် ပညာရေးဝန် ထမ်း ၆၀-၇၀ ခန့်ကို စီမံခန့်ခွဲရပြီး လစာငွေများကို စီမံကွပ် ကဲခြင်း၊ ပညာအရည်အသွေးကို ကြီးကြပ်ခြင်းနှင့် ဒေသတွင်းမှ ဝန်ထမ်းခန့်ထား၍ ကျောင်းဆရာလိုအပ်ချက်ကို ဖြေရှင်းခြင်းတို့ အား ဆောင်ရွက်သည်။

# သတင်းပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု



## နစ်နာမှုစိစစ်ရေးကော်မတီ

လွိုင်ကော်နှင့် ဖရူဆိုတို့တွင် နစ်နာမှုစိစစ်ရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထိုကော်မတီသည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ တိုင်ကြားချက်များအပြင် ကျေးရွာအုပ်စု/ ရပ်ကွက်အဆင့်တွင် သို့မဟုတ် မြို့နယ်အဆင့်တွင် မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီ (TLMC) တို့က ဖြေရှင်းခြင်းမပြုနိုင်သော မြေယာစီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် ပြဿနာများကို ဖြေရှင်းပေးသည်။

ယင်းသည် အခြားပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် မတွေ့ရှိရသော ဆန်းသစ်တီထွင်သည့် အစပျိုးဆောင်ရွက်မှုတစ်ခုဖြစ်သည်။

## CSOs

လွိုင်ကော်တွင် မကြာသေးမီက တိုးတက်များပြားလာသော NGOs အရေအတွက်နှင့်အညီ သတင်းမျှဝေရေးကို အထောက်အကူပြုစေရန် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးက ပေါင်းစပ်ညှိနှိုင်းရေးစနစ်တစ်ရပ် ထူထောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ကယားပြည်နယ်ရှိ ပြည်သူများက မြို့နယ်နှင့်ဆက်ဆံရေးနှင့် ပဋိပက္ခများကြားဝင်ဖြေရှင်းရေးတို့တွင် VT/WA တို့၏ ရင်းနှီးသော အခန်းကဏ္ဍများကို အလေးပေးကြသည်။ VT/WAs များကလည်း ပဋိပက္ခကြားဝင်ဖြေရှင်းရေးအပြင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနိုင်မာရေးတို့တွင် ၎င်းတို့၏ အခန်းကဏ္ဍများကို သိရှိကြသည်။

### ကျေးရွာအုပ်စု/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များအားရှုမြင်မှု

| | ကျေးရွာပြဿနာများကို မြို့နယ်အုပ်ချုပ်ရေးဌာနက အလေးထားစေရန် ဆောင်ယူခြင်း | ပဋိပက္ခကြားဝင် ဖြေရှင်းခြင်း | ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ခိုင်မာသေချာစေခြင်း | ရပ်ရွာလုပ်ငန်းတွင် ပြည်သူလူထု ပါဝင်ဆောင်ရွက်မှု သေချာစေခြင်း |
|---|---|---|---|---|
| ပြည်သူလူထု၏ ရှုမြင်မှု | ၄၇% | ၄၂% | ၃၈% | ၁၅% |
| VT/WAs များ၏ ရှုမြင်မှု | ၃၃% | ၁၀၀% | ၆၇% | ၁၇% |

## ရပ်ရွာလူထုဆွေးနွေးပွဲ



ရပ်ရွာလူထုဆွေးနွေးပွဲများတွင် ရပ်ရွာရှိအမျိုးမျိုးသော အုပ်စုများဖြစ်သည့် အမျိုးသမီးများ၊ လူငယ်များနှင့် ရပ်မိရပ်ဖများအပါအဝင် ဒေသန္တရဝန်ဆောင်မှုပေးသူများနှင့် ကျေးရွာအုပ်စု/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့သည် ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးသည့်ကိစ္စများတွင် အဓိကအခက်အခဲများနှင့် အလားအလာရှိသော တိုးတက်မှုများကို ဆွေးနွေးကြသည်။

ဥပမာ ရပ်ရွာတစ်ခုတွင် ကျောင်းအုပ်ကြီးက ကျောင်းအဆောက်အဦးအချို့၏ မျက်နှာကျက်များ ပျက်စီးနေခြင်းကို အထက်အဆင့် စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြရေးအား အစိုးရဝန်ထမ်းတစ်ဦးက သဘောတူခဲ့ပြီး ရပ်ရွာလူထုက ကျောင်းသို့သွားသော လမ်းကို ပို၍ကောင်းမွန်စေရန် ၎င်းတို့လုပ်အားပေးဆောင်ရွက်မည်ဟု ပြောကြားခဲ့သည်။ အခြားရပ်ရွာတစ်ခုတွင် မိဘများက ၎င်းတို့၏ကလေးငယ်များအား စည်းကမ်းလိုက်နာစေရန် ဆုံးမကြမည်ဟု ကတိပေးသကဲ့သို့ ဆရာများကိုလည်း ကျောင်းသားများအား စိတ်ရှည်ရှည်ဖြင့် ဂရုစိုက်သင်ကြားပေးပါရန် တိုက်တွန်းခဲ့သည်။

## တိုင်းဒေသကြီးအဆင့် အကြံပြုတင်ပြချက်များ



ကယားပြည်နယ်လေ့လာမှုကြားဖြတ်တွေ့ရှိချက်များမျှဝေသည့် လွိုင်ကော်တွင်ကျင်းပသော ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများက ပြုပြင်ပြောင်းလဲရေးအတွက် ထောက်ခံတင်ပြချက်များပေးခဲ့ကြသည်။ ယင်းတို့တွင် အောက်ပါတို့ပါဝင်သည်။

- မြို့နယ်အဆင့်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကော်မတီဖွဲ့စည်းရန်နှင့် ထိုကော်မတီ၏အကြောင်းနှင့် လုပ်ပိုင်ခွင့်များသတင်းကို ပြည်သူလူထုသို့ မျှဝေရန်။

- ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖွံ့ဖြိုးရေးစီမံချက်များအား ပြည်သူလူထုသို့ အသိပေးရေးအတွက် အဆင့်(Level) အားလုံးတွင် ဆောင်ရွက်ရန်။ ထို့ပြင် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများစွမ်းရည် တည်ဆောက်ရန်၊ လက်ကမ်းစာစောင်များဖြန့်ဝေရန်၊ ကြော်ငြာသင်ပုန်းများ တပ်ဆင်ရန်၊ ဟောပြောသူများကိုအသုံးပြုရန်နှင့်ပြည်သူလူထုအသိအမြင်မြင့်မားရေးလုပ်ငန်းများ စီစဉ်ရန်။

## သုံးသပ်ချက်များ



၁။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ကို မကြာသေးမီက ဖွဲ့စည်းထားပြီးဖြစ်ရာ ၄င်းတို့၏စွမ်းရည်ဖွံ့ဖြိုးမှု အထောက်အကူလိုအပ်သည်။

၂။ မြို့နယ်ကော်မတီများသည် သင့်တင့်လျောက်ပတ်စွာ လုပ်ငန်းလည်ပတ်လျက်ရှိကြသော်လည်း အဆိုပါကော်မတီများ၏ အဖွဲ့ဝင်ရွေးချယ်မှု၊ ကိုယ်စားပြုမှုနှင့် ထိုကော်မတီများအား ပြည်သူလူထုအကြား သိမြင်မှုတို့နှင့် ဆက်စပ်သောကိစ္စရပ်အနည်းငယ်ကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည်။ TDSCs တို့တွင် ၄င်းတို့လေ့ကျင့်သင်ကြားရမည့် ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းတိကျသော အမိန့်ရှိရမည့်အပြင် ဘတ်ဂျက်များဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုရရှိသင့်သည်။ ထို့ပြင် TDSCs အဖွဲ့ဝင်များသည် ကျေးရွာများသို့ မကြာခဏသွားရောက်ကာ ပြည်သူလူထုနှင့် ထိတွေ့ပြီး ၄င်းတို့၏ကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ရှင်းပြသင့်သည်။

၃။ အောက်ခြေမှအထက်သို့ စီမံကိန်းရေးဆွဲခြင်းသည် ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက်ချမှတ်သူများအား အောက်ခြေမှ အထက်သို့ သတင်းအချက်အလက် ဖြည့်ဆည်းပေးခြင်းထက် များစွာပိုပုံမရပါ။ ဤအချက်သည် မြို့နယ်အဆင့်တွင် မြို့နယ်၏ နိုင်ငံသားများအား တုံ့ပြန်ဖြေရှင်းပေးရာ၌ မြို့နယ်ဌာနအကြီးအကဲများ၏ စွမ်းဆောင်ရည်ကို ကန့်သတ်စေပါသည်။

၄။ မြို့နယ်အုပ်ချုပ်ရေးဌာနမှ VTAs များသို့နှင့် နောက်ဆုံးတွင် ရပ်ရွာလူထု များထံသို့ သတင်းစီးဆင်းရေးလမ်းကြောင်းကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရန်လိုသည်။

အသေးစိတ်သိရှိလိုပါက
"ကယားပြည်နယ်ဒေသန္တရ
အုပ်ချုပ်ရေးလုပ်ငန်းစဉ်
လေ့လာမှုအစီရင်ခံစာ" ကို
www.mm.undp.org တွင် ကြည့်ပါ။

UNDP မြန်မာ
အမှတ် - ၆၊ နတ်မောက်လမ်း၊
တာမွေမြို့နယ်၊
ရန်ကုန် ၁၁၂၁၁၊ မြန်မာ
E-mail: communications.mm@undp.org
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ